# ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်၏
# ထုတ်ပြန်ကြေညာချက်
# စီဒေါမဟာမိတ်အဖွဲ့

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် “ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်” ကို ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ မှ ၂၀ ရက်နေ့အထိ စီဒေါမဟာမိတ်အဖွဲ့မှ အွန်လိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ “ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်”ကို ဒေသအသီးသီးရှိ အမျိုးသမီးများ၊ မိတ်ဖက်အဖွဲ့အစည်းရှိ အမျိုးသမီးများဖြင့် စုစုပေါင်း ၂၃၀ ဦးတက်ရောက်ခဲ့ပါသည်။ ဦးဆောင်မှု အခန်းကဏ္ဍများနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ ယန္တယားများဖြင့် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာစေရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် “ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများကိုဖိုရမ်” ကို ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းစစ် ဖြစ်ပွားလျက်ရှိပြီး လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးကို ပုံစံအမျိုးမျိုးဖြင့် စစ်တပ်မှချိုးဖောက်ကျူးလွန်လျက်ရှိသည်။ အပြစ်မဲ့ပြည်သူများအား ပေါ်တာဆွဲခြင်း၊ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေပြီး ပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသရှိ အမျိုးသမီးများအား မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ် အသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့်၊ အစီအစဉ်တကျချိုးဖောက် ကျူးလွန်လျက်ရှိသည်။

ခေတ်အဆက်ဆက်တွင် မည်သည့်ပဋိပက္ခတွင်းမဆို အမျိုးသမီးများ၊ ကလေးငယ်များသည် ပဋိပက္ခ၏ ဆိုးကျိုး ထိခိုက်နစ်နာမှုများကို ခါးစည်းခံရသော်လည်း ပဋိပက္ခအဖြေရှာရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ဦးဆောင်မှု အခန်းကဏ္ဍများနှင့် ဆုံးဖြတ်ချမှတ်သည့် နေရာအဆင့်တိုင်းတွင် အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသည့် ပါဝင်မှုအားနည်းနေသည်ကလည်း စိန်ခေါ်မှုများအဖြစ် ရှိနေပါသည်။

ဖိုရမ်တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အကြမ်းဖက် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ဆွေးနွေးဖော်ထုတ်ပြီး မိမိတို့ ဒေသအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုများ၊ တရားမျှတမှု ရရှိရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ကျူးလွန်သူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရရှိရေးအတွက် ချည်းကပ်လုပ်ဆောင်သည့် လုပ်ငန်းများကို အပြန်အလှန် ဖလှယ်ဆွေးနွေးဖော်ထုတ်ခဲ့သည်။

ဖိုရမ်တက်ရောက်လာသော ဒေသအသီးသီးရှိ အမျိုးသမီးအရေးနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်နေသော အမျိုးသမီးကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှာ – တော်လှန်ရေးလှုပ်ရှားမှုကာလတလျှောက်လုံးတွင် လက်နက်ကိုင်တော်လှန်ရေး၊ နိုင်ငံရေးအရ တော်လှန်ရေး၊ သံတမန်ရေးရာတော်လှန်ရေးနှင့် လူထုတော်လှန်ရေးအပါအဝင် အခြားသော ထောက်ပံ့ရေး၊

ရန်ပုံငွေရှာဖွေမှုများ၊ ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်ရေးလုပ်ဆောင်မှုများ၊ စစ်ဘေးရှောင်များအတွက် အရေးပေါ် လိုအပ်ချက်များနှင့် လူသားချင်းစာနာထောက်ပံ့မှုလုပ်ငန်းများ၊ အကျဉ်းကျခံနေသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ထောက်ပံ့ရေးအစီအစဉ်များ၊ စိတ်ပိုင်းဆိုင်ရာ ကုစားပေးမှုများ၊ နေ့စဉ်နှင့်အမျှမြင့်တက်လာသော အိမ်တွင်းအကြမ်းဖက်မှု များနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းများစသည့် ကဏ္ဍရပ်တိုင်း၌ အမျိုးသမီး များသည် ဦးဆောင်ကာ ပါဝင်ဆောင်ရွက်နေကြသော်လည်း၊ လက်တွေ့အခြေအနေတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်နေရာ များ၌ အမျိုးသမီးများ၏ အသံများကို ဖယ်ကျဉ်ထားဆဲရှိနေကြောင်း ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။

နယ်မြေဒေသအသီးသီးရှိ အမျိုးသမီးနှင့် ကလေးငယ်များသည် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် အကြမ်းဖက်မှုများ အပြင် တော်လှန်ရေးအင်အားစုများဖက်မှ ကျူးလွန်သည့် အကြမ်းဖက်မှုများကိုလည်း ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရလျက်ရှိပြီး တော်လှန်ရေးအင်အားစုများအနေဖြင့် တော်လှန်ရေးလှုပ်ရှားမှုကို အကန့်အသတ် ဖြစ်စေသည်ဆိုသော အကြောင်းပြချက် များဖြင့် အမျိုးသမီးအရေး ကိစ္စရပ်များကို မသိကျိုးကျွံပြုကာ ဖယ်ကျဉ် နှုတ်ပိတ်နေကြောင်းကိုလည်း အထောက်အထား များဖြင့် ဆွေးနွေးတင်ပြခဲ့ကြသည်။ တရားစီရင်ရေးနှင့် တရားမျှတမှုဖော်ဆောင်မှု ယန္တယားများ ယိုယွင်းပျက်စီးနေသည့် အခြေအနေနှင့် တော်လှန်ရေးအင်အားစုများ ကမကထ လုပ်ဆောင်သည့် ယန္တရားများသည်လည်း ကောင်းမွန်စွာ မလည်ပတ် နိုင်သည့် အခြေအနေတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပိုမိုများပြားလာသည်ကိုလည်းတွေ့ရသည်။

ပဋိပက္ခအတွင်း လက်နက်ကိုင်ဆောင်သော အကြမ်းဖက်စစ်တပ်အပါအဝင် ၎င်းတို့၏ လက်အောက်ခံဖြစ်သော ပျူစောထီး၊ ရဲတပ်ဖွဲ့ဝင်များကလည်း နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်နေသကဲ့သို့ အခြားသော လက်နက်ကိုင် အဖွဲ့အစည်း များတွင်လည်းကောင်း၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များတွင် လည်းကောင်း၊ ဒေသကာကွယ်ရေး တပ်ဖွဲ့များ တွင်လည်းကောင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်အမြတ်ထုတ်မှုများ ကျူးလွန်လျက်ရှိနေပါသည်။ အခြားသော ဒေသတွင်းရှိ လက်နက်ကိုင်အစုအဖွဲ့များသည်လည်း လက်နက်အားကိုးဖြင့် အမျိုးသမီးများကို ခြိမ်းခြောက်ကာ ဆက်ကြေးကောက်ခံခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသော်လည်း ပြစ်မှုပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေသောကြောင့် အမျိုးသမီးများ နေ့စဉ်လူနေမှုဘဝ၏ လူသားလုံခြုံရေးသည် အလွန်စိုးရိမ်စရာများဖြစ်နေကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ခေတ်အဆက်ဆက် တော်လှန်ရေး၏ ကဏ္ဍပေါင်းစုံတွင် အမျိုးသမီးများ ပါဝင်ပေးဆပ်ခဲ့သော်လည်း တော်လှန်ရေးအစုအဖွဲ့ များသည် အမျိုးသမီးများ၏ ပါဝင်မှုများအား အသိအမှတ်ပြုမှု မရှိရုံသာမက အမျိုးသမီးပါဝင်မှုကို မူအရလက်ခံသော်လည်း အမျိုးသမီးများ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် ဆုံးဖြတ်ချက်များကို ထည့်သွင်းစဉ်းစားမှုမှာ အားနည်းနေဆဲဖြစ် ပါသည်။ လက်ရှိနွေဦးတော်လှန်ရေးတွင် အမျိုးသမီးများသည် အခန်းကဏ္ဍများစွာ၌ ပါဝင်နေသော်လည်း ဦးဆောင်မှုအခန်း ကဏ္ဍနှင့် ဆုံးဖြတ်ချက်ချမှသည့်နေရာအဆင့်ဆင့်တွင် ပါဝင်နိုင်မှုမှာ အနည်းငယ်သာ ရှိနေသေးသည်။

အထက်ပါ ဆွေးနွေးထားချက်များအပေါ် အခြေပြုပြီး ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်မှ အောက်ပါ ကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တော်လှန်ရေးအင်အားစုများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများအား လေးနက်စွာ တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအနေဖြင့် နယ်ပယ်အသီးသီးရှိ ပြည်သူ့အသံများ၊ လိုအပ်ချက်များပေါ် အခြေခံသည့် မြေပြင်နှင့် ကိုက်ညီသော မူဒါများ၊ မဟာဗျူဟာများရေးဆွဲချမှတ် အကောင်အထည်ဖော် လုပ်ဆောင် ရန်။

- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် အများပြည်သူလူထု သိသင့်သိထိုက်သော အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာမှုရှိစွာ မျှဝေဖလှယ်ရန်။

- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် Federal Democracy Charter ဖော်ပြချက်အရ အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးမူကိုအလေးထားကာ သေချာစွာ လိုက်နာကျင့်သုံးရန်။

- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် Federal Democracy Charter ပါ လမ်းပြမြေပုံများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ရန်။

အမျိုးသားညီညွတ်ရေးအစိုးရ

- အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ၎င်းတို့လက်အောက်ခံ တပ်ဖွဲ့များတွင် လိင်ပိုင်းဆိုင် အကြမ်းဖက်များ ဖြစ်ပွားလာပါက ကြားကာလ တရားဥပဒေအရ ပွင့်လင်းမြင်သာစွာ စီရင်ရန်နှင့် စနစ်တကျကိုင်တွယ်ဖြေရှင်းရန်။

- အမျိုးသမီးအရေးကိစ္စများအား အထူးအလေးထားကာ ထည့်သွင်းစဉ်းစားပြီး အရပ်ဘက်အဖွဲ့အစည်းနှင့်အတူ ပူးပေါင်းလက်တွဲရန်။

- အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် Gender Responsive Budget (ဂျဲန်ဒါကို ထည့်သွင်းစဉ်းစားကာ ရေးဆွဲ ထားသော ဘတ်ဂျက်) များ သီးသန့်ထားရှိရန်။

- အမျိုးသား ညီညွတ်ရေးအစိုးအနေဖြင့် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍအဆင့်ဆင့်တိုင်း တွင် အမျိုးသမီးပါဝင်မှုအနည်းဆုံး ၃၀ ရာခိုင်နှုန်း ပြည့်မီအောင် အကောင်အထည်ဖော်ရန်။

တော်လှန်ရေးအင်အားစုများ

- တပ်အတွင်းကျင့်ဝတ်များတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် အမြတ်ထုတ်မှုအမျိုးမျိုးကို ကျူးလွန်မှု မရှိစေရန် သေချာစွာ ထည့်သွင်းချမှတ်ရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော်ရန်။

- တော်လှန်ရေးအင်အားစုများနှင့် ပြည်နယ်အတိုင်ပင်ခံကောင်စီများအနေဖြင့် Gender Responsive Budget များ သီးသန့်ထားရှိရန်။

- တော်လှန်ရေးအင်အားစုများနှင့် ပြည်နယ်အတိုင်ပင်ခံကောင်စီများအနေဖြင့် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အခန်းကဏ္ဍအဆင့်ဆင့်တိုင်းတွင် အမျိုးသမီးပါဝင်မှုအနည်းဆုံး ၃၀ ရာခိုင်နှုန်း ပြည့်မီအောင် အကောင်အထည်ဖော်ရန်။

နိုင်ငံတကာ အဖွဲ့အစည်းများ

- နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်စစ်တပ်အား စီးပွားရေးပိတ်ဆို့မှုနှင့် အခြားသောပိတ်ဆို့မှုများ (Targeted Sanction) ကို ထိရောက်စွာလုပ်ဆောင်ရန်နှင့် လက်နက်ရောင်းဝယ်မှုများ၊ လောင်စာဆီ ရောင်းဝယ်ရေး မပြုလုပ်ရန်။

- အကြမ်းဖက်စစ်တပ်က ကျူးလွန်သည့်အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများအပေါ် နိုင်ငံတကာဆိုင်ရာ တရားမျှတမှု နှင့် တာဝန်ယူမှုများ ရှိလာရန်အတွက် ထိရောက်သော လုပ်ငန်းဆောင်ရွက်မှုများကို အမြန်ဆုံး ပြုလုပ်ရန်။

- ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ရုရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအနေဖြင့် အကြမ်းဖက်စစ်တပ်၏ လက်နက်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ရန်။
- စစ်ဘေးရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မြေပြင်ရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ချိတ်ဆက်လုပ်ဆောင်ရန်။
- အမျိုးသမီးများအတွက် လိုအပ်သည့် အရေးပေါ် ထောက်ပံ့ကူညီမှုများကို အချိန်နှင့်တပြေးညီ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ဘဏ္ဍာငွေထောက်ပံ့မှုများကို တိုးမြှင့်ပြီး သက်ဆိုင်သည့် အဖွဲ့အစည်းများကို တိုက်ရိုက်ပံ့ပိုးပေးရန်။